# Beginner

## Teacher Guide (တက်သစ်စအတန်းဆရာကိုင်)

### Year A- ပထမ ၃ လပတ်

### “ဖန်ဆင်းခြင်း”

# Beginner Teacher Guide- (တက်သစ်စအတန်းဆရာကိုင်)

## Year A - ပထမ ၃လပတ်

## ဖန်ဆင်းခြင်း

ပထမပတ်- အစအဦး၌
ဒုတိယပတ်- ဘုရားသခင်သည်အလင်းကိုဖန်ဆင်းတော်မူသည်။
တတိယပတ်- ဘုရားသခင်သည်မိုးကောင်းကင်ကိုဖန်ဆင်းတော်မူသည်။
စတုတ္တပတ်- ခြောက်သွေ့သောကုန်းမြေကိုဘုရားသခင်ဖန်ဆင်းတော်၏။
ပဥ္စမပတ်- ဘုရားသခင်သည်နေလကြယ်များကိုဖန်ဆင်းတော်မူ၏။
ဆဋ္ဌမပတ်- ဘုရားသခင်သည် နေ၊ လ၊ ကြယ်များကို ဖန်ဆင်းတော်မူသည်။
သတ္တမပတ်- ဘုရားသခင်သည် ကမ္ဘာမြေကြီးကိုဖန်ဆင်းတော်မူ၏။
အဋ္ဌမပတ်- ဘုရားသခင်သည် ပင်လယ်ငါးတို့ကိုဖန်ဆင်းတော်မူ၏။
နဝမပတ်- ဘုရားသခင်သည်မိုးကောင်းကင်ငှက်တို့ကိုဖန်ဆင်းတော်မူ၏။
ဒသမပတ်- ဘုရားသခင်သည်တိရစ္ဆာန်အကြီးအငယ်တို့ကိုဖန်ဆင်းတော်မူသည်။
ဧကဒသမပတ်- ဘုရားသခင်သည် အာဒံနှင့် ဧဝကိုကိုဖန်ဆင်းတော်မူသည်။
ဒွါဒသမပတ်- ဘုရားသခင်သည် သင့်ကိုဖန်ဆင်းသည်။
ဘုရားသခင်သည် ဥပုသ်နေ့ကိုဖန်ဆင်းခဲ့သည်။

- **ချစ်စွာသောဥပုသ်စာဖြေဆရာ/မများ**
- ကျွန်ုပ်တို့အလုပ်တွေရှုပ်ကြပါတယ်။သို့သော်ဤနှစ်မှာ(Beginner Sabbath schoolရဲ့သင်ခန်းစာကိုသင်ဖို့
- သဘောတူတဲ့အတွက်ကျေးဇူးတင်ပါတယ်။ဒီကွာတာမှာသင်ဟာကလေးတွေနဲ့သူတို့ရဲ့မိသားစုအတွက်ကိုသာကောင်းကြီးမင်္ဂလာဖြစ်စေတာသာမကကိုယ်တိုင်အတွက်လည်းကောင်းကြီးမင်္ဂလာဖြစ်ပါမည်အကြောင်းကျွန်ုပ်တို့ဆုတောင်းပေး ပါတယ်။
- ပထမဦးစွာ၊ ပထမကွာတာရဲ့စီမံကိန်းကိုမစတင်မှီသင့်အတွက် ဝိညာဉ်ရေးကျမ်းချက်ကတော့ "ငြိမ်ဝပ်စွာနေကြလော့ ဘုရားသခင်ဖြစ်သည်ဟုသိမှတ်ကြလော့ " (ဆာလံ ၄၆း၁၀) ဖြစ်ပါတယ်။
- ဘယ်အချိန်မှာဘုရားသခင်ကိုဘုရားဖြစ်ကြောင်းသင်သိလာနိုင်သလဲ။ မတော်သင်ဟာနေ့စဉ် ဝိညာဉ်အစာဖြစ်တဲ့နှုတ်ကပတ်တော်ကိုနေ့စဉ်မှီဝဲတဲ့အချိန်မှာဖြစ်နိုင်ပါတယ်။ မတော်အပြင်ထွက်လမ်းလျှောက်ကြည့်ရင်းကြည်လင်သန့်ရှင်းတဲ့မိုးကောင်းကင်ကိုကြည့်ပြီးမိုးကုတ်စက်ဝိုင်းရဲ့တဖက်မှာချစ်စရာကောင်းတဲ့ဘုရားသခင်ကိုစဉ်းစားတဲ့အချိန်မှာလည်းဖြစ်နိုင်တယ်။ဟုတ်ပါတယ်ဘုရားသခင်ဟာကျွန်ုပ်တို့ရဲ့စိတ်နှလုံးအကြံစည်ကိုမြင်ပြီးသိမှတ်တဲ့ဘုရားဖြစ်ပါ တယ်။ ဘုရားသခ င်ဟာသဘာဝတရားနဲ့ဖန်ဆင်းသောအရာအားဖြင့်သူ့ရဲ့ဘုန်းတော်နဲ့ကြီးမြတ်တဲ့လက်ရာတွေကိုဖော်ပြပါတယ်။ ကျွန်ုပ်တို့ငြိမ်သက်စွာနေပြီးစဉ်းစားကြည့်ရင်မဖော်ပြနိုင်တဲ့ကြီးမားတဲ့ဘုရားရဲ့မေတ္တာကိုနားလည်နိုင်ပါတယ်။ ယနေ့သင့်ပတ်ဝန်းကျင်မှာဘာဘဲတွေ့တွေ့သူ့ရဲ့မေတ္တာကိုသတိထားပါ။ လှပတဲ့ပန်းကလေးတွေနဲ့သူတို့ရဲ့

အရောင်လေးတွေကိုသတိထားပါ၊သာယာတဲ့ငှက်ကလေးတွေရဲ့သီချင်းဆိုသံနဲ့ပင်လယ်ထဲလှိုင်းလုံးသံတွေကိုသတိထားပါ။ဘုရားသခင်ပြုလုပ်တဲ့အရာအားလုံးဟာအလွန်ကောင်းမြတ်ပါတယ်။ဒီအရာတွေအားဖြင့်သူ့ကိုသတိရစေချင်တယ်။သူနဲ့အတူတန်ဘိုးရှိတဲ့အချိန်တွေကိုယူစေချင်တယ်။ဒါကြောင့်ဘုရားသခင်ဟာဥပုသ်နေ့ကိုသေခြာစွာခွဲထားပြီးကောင်းကြီးပေးပါ တယ်။

- ဤကွာတာမှာဖန်ဆင်းခြင်းအကြောင်းကိုသင်ကြားတဲ့အခါအရာခပ်သိမ်းကိုဘုရားဖန်ဆင်းကြောင်းဖော်ပြတဲ့အခါ၊ ကမ္ဘာဦးကျမ်းမှာ တမင်ရည်စူးပြီးရည်ရွယ်ချက်နဲ့ဘုရားပြောထားတဲ့စကားဖြစ်တဲ့" ဘုရားသခင်သည် ကြည့်ရှု၍ အလွန်ကောင်းသည်ကိုမြင်တော်မူ၏ "ဆိုတဲ့စကားကိုအမြဲတွေးတောပါ။ သတိရပါ။ ဤကွာတာမှာကလေးတွေကို ဘုရားသခင်ရဲ့ကြီးမြတ်တဲ့မေတ္တာကိုသင်ဝေငှါတဲ့အခါမှာဘုရားသခင်သင်နှင့်အတူရှိနေပါတယ်။ဘုရားသခင်ရဲ့ဖန်ဆင်းခြင်းလက်ရာတွေအပေါ်မှာကလေးတွေနှစ်သက်စရာတွေမြင်နိုင်ဘို့ ဘုရားအလိုဆန္ဒရှိပါတယ်။ သဘာဝတရားရဲ့အလှတွေဟာကောင်းကင်အိမ်တော်ကိုစဉ်းစားတွေးခေါ်ဘို့ ကျွနုပ်တို့ကိုပို့ဆောင်ပေးပါတယ်။ (Ellen G. White, The Ministry of Healing Pp. 262-266)

**တက်သစ်စကလေး Alive In Jesus ဥပုသ်စာဖြေသင်ရိုးညွှန်းတမ်းသည် အသက် ၁နှစ်မှ ၃နှစ်** ကလေးများအတွက် သုံးနှစ်သင်ရိုးညွှန်းတန်းဖြစ်သည်။

**တက်သစ်စကလေးများ၏ကိုယ်ခန္ဓာပိုင်းဆိုင်ရာ**

- ❖ စိတ်ချလုံလောက်သော အစာအဟာရ၊ အိပ်ရေးဝနိုင်မှုနှင့် လုံခြုံသောအမိုးအကာနေရာလိုအပ်သည်။
- ❖ အချိန်တိုအတွင်းသာ ငြိမ်ငြိမ်ထိုင်နိုင်သည်၊အာရုံစိုက်နိုင်သည်ရွေ့လျားနိုင်ပြီးစူးစမ်းလေ့လာရန်ဂရုစိုက်မှုလိုအပ်သည်။
- ❖ ငြိမ်ငြိမ်နေသည့်အချိန်၊ တက်ကြွလှုပ်ရှားလုပ်ဆောင်ရသည့်အချိန်ကို ဟန်ချက်ညီလုပ်ဆောင်ဖို့လိုအပ်သည်။
- ❖ ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုတွင် တစ်ဦးနှင့်တစ်ဦးမတူဘဲကွဲပြားသည်ကိုတွေ့ရသည်။
- ❖ အလျှင်အမြန်ကြီးထွားသည်။

**တက်သစ်စအရွယ်၏စိတ်ပိုင်းဆိုင်ရာ**

- ❖ ဤအရွယ်ကလေးများသည်စိတ်ခါတ်ရေးရာတွင်စူးစမ်းချင်စိတ်၊ သိချင်စိတ်ရှိသည်။
- ❖ အာရုံခံစားတတ်၍အရာတခု၏ရုပ်ပိုင်းဆိုင်ရာအသွင်အပြင်လက္ခဏာကိုကြည့်ကာလေ့လာသည်။
- ❖ နူတ်ဖြင့်ပို့ချသင်ကြားခြင်းထက် လက်နှင့်ထိတွေ့အာရုံခံစားခြင်း၊ တေးဂီတသီချင်းများ၊ အတွေ့အကြုံကြားရခြင်း၌ပိုပြီးလေ့လာနိုင်စွမ်းရှိသည်။
- ❖ အရာဝထုများကိုပုံဆောင်မှုပြု၍သင်ကြားလိုသည့်အရာကိုဖော်ပြကာယှဉ်တွဲလုပ်ဆောင်စေပြီးပေါ်ထွက်လာသော
- ❖ စွမ်းရည်ကိုမြင့်တင်ပြီး ထိုလုပ်ဆောင်မှုကို တွေးတောစဉ်းစားစေပါ။
- ❖ တက်ကြွစွာပါဝင်ခြင်း၊ အတုယူခြင်းဖြင့်သင်ယူသည်။
- ❖ သတ်မှတ်ထားသည့်နယ်နမိတ်အတွင်းလွပ်လပ်စွာရှိနိုင်ဖို့လိုအပ်သည်။
- ❖ တိုတောင်းသောအာရုံစိုက်နိုင်မှုကိုပိုပြီးတိုးတက်ဖွံ့ဖြိုးစေပါ။
- ❖ ရိုးရိုးရှင်းရှင်းပြောပြတဲ့အချက်ကိုလိုက်နာနိုင်သည်။

**တက်သစ်စအရွယ်လူမှုပေါင်းသင်းဆက်ဆံရေးနှင့်စိတ်ခံစားလှုပ်ရှားမှု**

- ❖ ယုံကြည်ခြင်းပိုင်ဆိုင်ခြင်းလိုအပ်သည်။
- ❖ အသိအမှတ်ပြုခြင်းနှင့်အသိအမှတ်ပြုခြင်းကိုရယူခြင်းလိုအပ်သည်။
- ❖ ခြွင်းချက်မရှိသောချစ်ခြင်းမေတ္တာနှင့်သူတို့ကိုလက်ခံပေးခြင်းကိုပြုလုပ်ပေးပါ။

- အများအားဖြင့်အတ္တရှိသည်၊ ဖြစ်ပျက်သမျှအရာအားလုံးသည် သူတို့အတွက်သာဖြစ်တယ်လို့ယုံကြည်သည်။
- လွတ်လပ်မှုနှင့်တီထွင်ကြံဆမှုကိုတိုးတက်စေသည်။
- အခြားသူများ၏လိုအပ်ချက်နှင့်ခံစားချက်များကိုဂရုစိုက်ပြုမူတတ်ရန်သင်ယူရန်အားပေးပါ။
- သူတို့၏လိုအပ်ချက်ကိုစကားလုံးများဖြင့်(စကားဖြင့်ဖော်ပြသင်ယူသော်လည်းသူတို့ရဲ့လိုအပ်ချက်ကိုငိုပြီးဖော်ပြသည်။

**တက်သစ်စအရွယ်၏ဝိညာဉ်ရေး**

- ကမ္ဘာကြီးမှာရှိတဲ့အရာအားလုံးကိုသူတို့၏အာရုံအားဖြင့်သင်ယူသည်။
- ဘုရားသခင်၏ချစ်ခြင်းမေတ္တာကိုလေ့လာရန်သူတို့၏မိဘများထံမှထပ်ဆင့်သင်ယူသည်။
- ဘုရားသခင်ကိုယုံကြည်ကိုးစားဘို့သင်ယူသည့်အရာမှာသူတို့ရဲ့မိဘများကိုယုံကြည်ကိုးစားတဲ့ပုံစံမှတဆင့်ဖြင့်သင်ယူသည်။
- နာခံလိုက်လျှောက်တတ်ဘို့သင်ယူရန်။
- ဘာသာတရားအလေ့အကျင့်များဖြစ်သည့်ဆုတောင်းခြင်း(ဥပမာ၊ ထမင်းမစားခင်၊ အိပ်ယာမဝင်ခင်ဘုရားရှစ်ခိုးချိန်၌) ဖြင့်ဘုရားဝတ်ပြုခြင်းကိုသင်ယူသည်။
- အိမ်နှင့်ဘုရားကျောင်းမှာပြုလုပ်ရမည့်အရာများ နှင့်မပြုလုပ်အပ်သည့်အရာများကိုသိစေဘို့Yes/ No ဆိုတဲ့အရာမှအကောင်းအဆိုးကိုခွဲခြားသိမြင်စိတ်ကိုတိုးတက်လာစေပါ။
- ဘုရားကျောင်းတက်ခြင်း၊ ဥပုသ်စာဖြေကျောင်းအတန်းတက်ခြင်း ဆုတောင်းခြင်း၊ ဘုရားရှစ်ခိုးခြင်းများကို ပြုလုပ်သည့်အချိန်တွင်ရှိသင့်သည့်အပြုအမူကိုသွန်သင်ပေးပါ သဘောတရားကိုတည်ဆောက်ပေးပါ။
- ဘာသာတရားနှင့်ပတ်သက်၍အိမ်နှင့်ဘုရားကျောင်းကိုပူးတွဲအတွေးအခေါ်ရရှိဘို့သွန်သင်ပေးပါ
- အရမ်းထိခိုက်လွယ်သည်၊ အကဲခတ်သည်၊ တွေးခေါ်မှုထက် စိတ်ခံစားချက်ရှိသည်။
- (ရိုးရှင်းသောဘာသာရေးအယူအဆကိုနားလည်နိုင်သည်) သို့သော် ကျမ်းစာပုံပြင်များသည် သူတို့အတွက်ကြောက်လန့်စရာမဖြစ်သင့်ပါ။
- သူတို့၏အကျင့်စာရိတ္တကိုအခြေခံကျကျပြုစုပျိုးထောင်ရန်လိုသည်။
- စိတ်ကူးယဉ်ခြင်းနှင့်အမှတ်တကယ်အစစ်အမှန်ကို ပိုင်းခြားသိမြင်ရန်သင်ပေးရန်လိုသည်။
- ဘုရားသခင်၊ ဘုရားကျောင်း၊ ကျမ်းစာ၊ယေရှုနှင့်ပတ်သက်၍ရိုသေလေးစားခြင်း၊ ရှင်လန်းဝမ်းမြောက်ခြင်းသဘောထားကိုခံစားနိုင်စွမ်းရှိရမည်
- လက်အုပ်ချီပြီးဒူးထောက်ဆုတောင်းခြင်းကိုလုပ်နိုင်သည်။

**Beginner ဥပုသ်စာဖြေဆရာများအတွက်**

**၁။ ဘုရားသခင်နှင့်တစ်ကိုယ်ရည်ဆက်သွယ်ရန်အချိန်ကိုဖန်တီးပါ-**

ဒီတစ်ပတ်သင်ခန်းစာကိုပြင်ဆင်တဲ့အခါဒီသင်ခန်းစာနဲ့ပတ်သက်ပြီးဝိညာဉ်ရေးအယူအဆအပေါ်အာရုံစိုက်ပါ။ ဆုတောင်းဖို့အချိန်ယူပါ။ အတန်းမှကလေးများနှင့်အစီအစဉ်အတွက်ဘုရားရဲ့ကောင်းကြီးကိုရှာဖွေနိုင်ရန်သင်၏အားထုတ်မှုကို ဘုရားသခင်အားပူဇော်ပါ။

၂။ **Love-** ဤသင်ရိုးတန်း၏အဓိကပန်းတိုင်သည်ကျမ်းစာထဲမှရိုးရှင်းသောကျမ်းစာပုံပြင်များအားဖြင့်ကလေးများကို ယေရှု၏ချစ်ခြင်းမေတ္တာကိုပြောရန်ပြသရန်ဖြစ်သည်။ ဤအရွယ်တွင်အခြားအရာများထက် ဘုရားသခင်နှင့်ယေရှုသည် သူတို့ကို ဘယ်လောက်ချစ်ကြောင်း၊ သူတို့ရဲ့မိဘများက သူတို့ ကိုဘယ်လောက်ချစ်ကြောင်း၊ ဥပုသ်စာဖြေဆရာ/ဆရာမများက

သူတို့ကိုဘယ်လောက်ချစ်ကြောင်း အဓိကအလေးပေး၍ ဖေါ်ပြရန်ဖြစ်သည်။ ကလေးတိုင်းကိုချစ်ကြောင်းနှင့် သူတို့ရဲ့ မိဘတွေကို ချစ်ကြောင်းဖေါ်ပြခြင်းဖြင့် ဥပုသ်စာဖြေအတန်းသည် အမြဲတန်းပျော်ရွှင်လန်းဆန်းနေမည်။

၃။ **Trust-** ဤအတန်းမှတက်သစ်စကလေးများသည် ဥပုသ်စာဖြေဆရာ/ဆရာမးကိုအမြဲယုံကြည်အားကိုးအားထားနိုင်သည့်ဆရာ/ဆရာမများလိုအပ်သည်။ အရေးကြီးသည်မှာဥပုသ်နေ့တိုင်း ဆရာ/မသည် သူတို့နှင့်အမြဲရှိနေဘို့လိုအပ်သည်။ ကြမ်းတမ်းသောအသံ၊စိတ်ဆိုးသောအသံ၊ကြမ်းတမ်းသောအပြုအမူမပြုဘဲသနားကြင်နာခြင်း၊ချစ်ခြင်း၊နူးညံ့သောစကားများဖြင့် ကလေးများကိုဆက်ဆံပါ။ သူတို့ကို ဂတိပေးထားတဲ့အတိုင်း ဂတိတည်စေပါ။

၄။ **Obedience** _ နားထောင်ခြင်း၊ ကလေးတစ်ယောက်အတွက် ပထမဦးဆုံးသင်ကြားရမဲ့သင်ခန်းစာသည် နာခံခြင်း၊ နားထောင် တတ်ခြင်းဖြစ်သည်။ ( Child Guidance 82) သီချင်း၊ ပုံပြင်၊ ကျမ်းစာပုံပြင် အပြုအမူလေးများအားဖြင့် သူတို့ရဲ့ မိဘစကားကို နားထောင်တတ်ဖို့သင်ပေးပါ။ ကလေးများသည် တိရိစ္ဆာန်များကိုချစ်သောကြောင်း တိရိစ္ဆာန် မိသားစုကို ပြသခြင်းဖြင်း ပိုပြီး ကလေးများကိုထိရောက်စွာ သင်ပေးနိုင်သည်။

၅။ **Bible** - ကျမ်းစာ၊ ကျမ်းစာသည် အရာအားလုံး၏အခြေခံဖြစ်သောကြောင်း သင်၏ဆွေးနွေးခြင်းများလှုပ်ရှာမှုများ အပြန်အလှန်လုပ်ဆောင်မှုများတွင် ကလေးများနှင့်မိဘများကို ဘုရားသခင်၏အသက်ရှင်သော၊ တန်ခိုးရှိသော၊ ခိုင်မာသော နှုတ်ကပတ် တော်ကို အသုံးပြုဘို့ ညွှန်းဘို့ရန် မမေ့ပါနှင့်။

၆။ **Consistency-** ကလေးများသည်လိုက်လျောညီထွေမှုကို နှစ်သက်သောကြောင့် ဆရာ/မသည် ကလေးများအပေါ်ယုံကြည်ခြင်းတည်ဆောက်ရန် အပတ်စဉ်မိမိရဲ့ အစီအစဉ်ကို ဦးဆောင်နိုင်ရန်ဖြစ်သည့်အတွက် သင်လုပ်ဆောင်ရမည့်အရာနှင့် လိုက်လျော ညီထွေမှုရှိအောင်ကြိုတင်ပြင်ဆင်၍ အပတ်စဉ်တိုင်းလုပ်ဆောင်ပါ။

၇။ **လုပ်ရိုးလုပ်ငန်းအတိုင်းလုပ်ပါ**- သီချင်း၊ လုပ်ဆောင်မှု Activities များကို အလှည့်ကျပြုလုပ်သွားပါ၊ ကလေးများသည် ကြာလာသောအခါ ဘာသင်ခန်းစာပြီးရင်ဘာလာမလဲသိလာမည်။

၈။ **သီချင်း**- ဤအရွယ်ကလေးများအတွက်- သီချင်းသည် အရေးကြီးသည်၊ သီချင်းများကို www.aliveinjesus.info မှာရှာပါ။

၉။ **ဥပုသ်စာဖြေအတန်း**- ကလေးများအတွက် သင့်လျော်သောလုံခြုံသော မိဘများအတွက် အဆင်ပြေသောနေရာကိုပြုလုပ်ပါ ကလေးများအတွက် အဆင်ပြေသော နေရာစိတ်ဝင်စားဘွယ်ကောင်းသော နေရာအဖြစ်ပြင်ဆင်ပါ။

၁၀။ သင်ဥပုသ်စာဖြေ သင်ကြားရာတွင် အနည်းဆုံး အကူအညီပေးရန် လူကြီးတစ်ယောက်လိုသည်။ထိုသူသည် မိဘနှင့် ကလေးများ ကို ကြိုဆိုနှုတ်ဆက်ခြင်း၊အတန်းငြိမ်ဘို့ရန်ကူညီပေးနိုင်သည်။

၁၁။ ကလေးများကို သင်ကြားရာတွင် မိဘများလည်းပါဝင်စေပါ၊ သီချင်းဆိုသည့်အချိန်၊ Activities အချိန်များတွင် ပါဝင်စေပါ။

၁၂။ သင့်ရဲ့အရေးကြီးဆုံးစိတ်ဝင်စားမှုသည် ကလေးတန်းဥပုသ်စာဖြေကလေးများနှင့်သူတို့၏မိဘတွေဖြစ်သည့်အတွက် သူတို့နဲ့ ရင်းနှီးအောင်နေပါ။ နာမည်သိအောင်ကြိုးစားပါ။ အစီအစဉ်မစခင်နှင့်အစီအစဉ်အပြီးတွင် မိဘများကို ဆုတောင်းခိုင်းပါ။

၁၃။ ထိုအရွယ်ကလေးများသည် ဥပုသ်စာဖြေအတန်းကိုလာသောအခါ၊ သူတို့သိတဲ့နားလည်တဲ့အရာကိုထပ်ခါတလဲလဲ ပြန်ပြီးသင်ပြပေး တာကို သဘောကျသည်၊ ပထမအပတ်သင်သောအရာများမှာတော့နေသားမကျသေးပေမဲ့ နောက်ပိုင်းကွာတာ တွေမှာ သူတို့မှတ်မိလာပြီး၊ သူတို့ သင်ကြားတဲ့အသစ်သောသင်ခန်းစာတွေကိုလည်း နားလည်လာမယ်။

၁၄။ **ဥပုသ်စာဖြေ**- အစီအစဉ် ကျကျနနဖြစ်အောင် ကြိုတင်ပြင်ဆင်ပါ၊ လုပ်ဆောင်ရမဲ့ Activities များကို ပြင်ဆင်ပါ။ သီချင်းများကိုရှာဖွေပါ၊ တဖြည်းဖြည်း သင်ကြားမှုအဆင်ပြေလာဘို့ရန် လုပ်ဆောင်ပါ။

၁၅။ **အထူးကလေး (** မသန်မစွမ်း၊ ချို့တဲ့သော) Special needs ကလေးများရှိလျှင် ကောင်းကောင်း မွန်မွန် ကြိုဆိုပါ။ သူ့အတွက် အဆင်ပြေအောင် နေရာပြင်ဆင်ပေးပါ။

၁၆။ အကယ်၍ သင်တစ်ပတ် ပတ်မအားခဲ့၍မလာနိုင်လျှင် အစီအစဉ်ကို ဦးဆောင်နိုင်သည့် သူကို ရရှိရန်မွေးထုတ်ပါ။

**Beginner Memory Verses**

- **"အစအဦး၌ ဘုရားသခင်သည် ကောင်းကင်နှင့်မြေကြီးကိုဖန်ဆင်းတော်မူ၏" (ကမ္ဘာဦးကျမ်း ၁း၁)**
- ဘုရားသခင်သည် ကမ္ဘာကြီးကို ဖန်ဆင်းကြောင်း သိစေပါ
- ဘုရားသခင်သည် ကမ္ဘာကြီးကို ၄င်း၊ ဥပုသ်နေ့ကို ၄င်းပြုလုပ်ပေးခြင်းကြောင့် ကလေးများသည် ဘုရားသခင်သည်သူတို့ကို ချစ်ကြောင်း သိစေခံစားစေပါ။
- ဘုရားသခင်သည် အရာအားလုံးကို ဖန်ဆင်းပြုလုပ်ပေးတဲ့အတွက် ဘုရားသခင်ကို ကျေးဇူးတင်ကြောင်းသိစေ၊ ပြန်ပြော စေပါ။

**သင်ကြားမှုပုံစံ**

**Beginner ဥပုသ်စာသင်ကျောင်းသင်ကြားပုံစံ**

- ကြိုတင်ခန့်မှန်းနိုင်သော၊ ထပ်တလဲလဲ သုံးလပတ်အစီအစဉ်။
- လုပ်ဆောင်ချက်များ၊ သင်ထောက်ကူပစ္စည်း နှင့် ရိုးရှင်းသောဂီတ။
- အပြန်အလှန်အာရုံခံစားနိုင်သော၊ ထိတွေ့မှုရှိသောကစားနည်း။
- တက်ကြွစွာပါဝင်မှုနှင့်အတုယူခြင်းဖြင့်လေ့လာသင်ယူမှု။
- ကလေးမျက်လုံးမျက်နှာချင်းဆိုင်နိုင်အောင် စက်ဝိုင်းပုံစံဖြင့် ကြမ်းပြင်ပေါ်တွင်ထိုင်ခြင်း သို့မဟုတ် ကလေးများနှင့် ကုလားထိုင်ပေါ်တွင် ဝိုင်းထိုင်ပါ။
- မိဘ/သားသမီးနှင့် သခင်ယေရှုကြား ဆက်သွယ်မှုကို ခိုင်ခံ့စေခြင်း။
- အထူးလိုအပ်ချက်များအတွက် အားလုံးပါဝင်စေခြင်း၊
- လက်လှုပ်ရှားမှုများနှင့် ဖော်ပြသည့် လေသံများကို အသုံးပြုခြင်း။

**Beginner ဥပုသ်စာသင်ကျောင်းပတ်ဝန်းကျင် (အတန်း)**

- ဥပုသ်စာသင်ခန်းကို ကလေးများ သူတို့အသက်အရွယ်အလိုက်မျက်လုံးတွင် ဆွဲဆောင်မှုရှိသောအလှဆင်ခြင်း။
- ကလေးများကို ကြိုဆိုပြီး စနစ်တကျ နေရာချထားရန်။
- ကလေး၏ ထိတွေ့ဆက်ဆံမှုကို ထိန်းသိမ်းရန် အရင်းအမြစ်များကို အလွယ်တကူ လက်ထဲတွင် ထားရှိပါ။
- အာရုံခံအချိန်များတွင် အသုံးပြုရန် လက်လှမ်းမီနိုင်သော စားပွဲငယ်များ
- အလှဆင်ပစ္စည်းများ၊ ပရိဘောဂများနှင့် ပရိဘောဂများအားလုံးကို ဘေးကင်းစေရန် သတိပြုပါ။
- လှုပ်ရှားမှုတစ်ခုစီအတွက် ဇုန်များဖန်တီးပါ။
- ကြမ်းပြင်ပေါ်တွင် အတူတကွထိုင်ရန် ကြီးသောဖျာကိုခင်းထားပေးပါ။
- အလွန်အကျွံစိတ်ခံစားမှုမဖြစ်စေရန် ရိုးရှင်းသောပစ္စည်းများကို ရွေးချယ်ပါ။

## Beginner ကလေးဥပုသ်စာဖြေအစီအစဉ်

- ကြိုဆိုနှုတ်ဆက်ခြင်း- ၅မိနစ်-၈မိနစ် မိဘနှင့်ကလေးများကိုကြိုဆိုနှုတ်ဆက်ချိန် ( ကလေးများကို သဲဖုံးနားတွင်နေစေပါ

- ဂုဏ်တော်ချီးမွမ်းခြင်း- ၁၅ မိနစ် သီချင်းများကို ( www.aliveinjesus.info ) တွင်ရှာပါ။
- ဆုတောင်းချိန်- ၂ မိနစ် ( when it's a time to pray )
- ကျမ်းစာသင်ချိန်- ၅ မိနစ် ဖန်ဆင်းခြင်းကဒ်၊ story bag ( www.aliveinjesus.info ) တွင်ရှာပါ
- အလွတ်ကျမ်းချက်- ၂ မိနစ်
- အလှူငွေကောက်- ၃ မိနစ် ( Here is my money ) www.aliveinjesus.info
- Nature Box Segment- ၅ မိနစ်
- မိဘနှင့် ကလေးလုပ်ဆောင်ရမည့်အရာ- ၅ မိနစ် shall we go for a walk today ( www.aliveinjesus.info)
- နှုတ်ဆက်သီချင်း - ၃မိနစ် ( Sabbath is over) www.aliveinjesus.info

ကျမ်းအကိုးအကား - ကမ္ဘာဦးကျမ်း ၁ ,၂

အခြေခံယုံကြည်ချက် - ( ၁ ) ဘုရားသခင်၏နှုတ်ကပတ်တော်

( ၆ ) ဖန်ဆင်းခြင်း

( ၇ ) လူသား၏သဘာဝ

( ၂၀ ) ဥပုသ်နေ့

**အောက်ပါအစီအစဥ်အတိုင်းလုပ်ဆောင်ပါ**

**ကလေးများလက်တွေ့ဖန်ဆင်းခြင်းကိုထိတွေ့ရန်သဲဗုံး၊ရေဗုံးကိုဖန်ဆင်းခြင်းနေ့ရက်အတိုင်းပစ္စည်းများထည့်ကာက လေးများကိုကိုင်စေပါ၊မေးခွန်းရိုးရိုးလေးမေးပါ။အစစ်မရလျှင်အတုသုံးနိုင်သည်။**

**WWW.aliveinjesus.info ရှာဖွေလျှင် နားလည်မည်**

**ပထမပတ်- အစအဦး၌**

**Story Bag ( ကမ္ဘာလုံး၊ အဝတ်အမဲ၊ ဖန်ဆင်းခြင်းအရာ)**

- ကလေးများ သူတို့ရဲ့မျက်စိကို အလင်းမရအောင်မှိတ်ထားခိုင်းပါ။ တခုခု မြင်ရသလားမေးပါ၊ အပြာရောင် ကောင်းကင် ကိုရော၊ သစ်ပင်တွေရော၊ မြင်ရလား
- မျက်စိဖွင့်လိုက်ပါ။
- ကျမ်းစာကိုဖွင့်ပြီး ကျမ်းစာကဘယ်လိုပြောထားသလဲကိုတော့ အစတုံးက ကမ္ဘာကြီးဟာ ဘာမှမရှိဘူးလို့ ပြောထားတယ်၊ (ကမ္ဘာဦးကျမ်း ၁း၁,၂)
- ကမ္ဘာကြီးမရှိခင်ထဲကဘုရားသခင်ဟာရှိတယ်။ (လက်မောင်းကိုပြပါ)
- Story အိပ်တခုထဲမှာဘုရားဖန်ဆင်းထားတဲ့အရာ (အစစ်/အတု) များကို ထည့်ထားပါ။ (ပန်း၊ သစ်ပင်၊ တိရိစ္ဆာန်၊ လိပ်ပြာ၊ ငါး၊ ခွေး)
- အိတ်ကိုချထားပြီး ကမ္ဘာဦးအစမှာဘာဆိုဘာမှမရှိဘူးဟုပြောပါ။
- ပြီးတဲ့အခါ Story Bag ထဲကပစ္စည်းတွေကို တစ်ခုစီဖြည်းဖြည်းခြင်း ထုတ်ပြပါ။
- ပြီးတဲ့အခါပစ္စည်းတွေကို ဖယ်လိုက်ပါ။
- ဘုရားသခင်ဟာ အင်မတန်လှပတဲ့ ကမ္ဘာကြီးကို သင့်နဲ့ကျွန်ုပ်အတွက် အရောင်မျိုးစုံ အနံ့အရသာကောင်းတဲ့ အသီး၊ လှပတဲ့ သစ်ပင်၊ တိရိစ္ဆာန်တွေနဲ့ တောင်တန်းကြီးတွေကို ဖန်ဆင်းခြင်းဖြစ်ပါသည်။

- အတူတကွရွက်ဆိုရန်- God is so good - ဘုရားသခင်ဟာကောင်းမြတ်တယ်

  - He made the heaven and the Earth- သူဟာ ကောင်းကင်နဲ့မြေကြီးကိုဖန်ဆင်းတယ်။

**ဒုတိယပတ်- ဘုရားသခင်သည် အလင်းကိုဖန်ဆင်းတော်မူသည်**

Story bag- စာရွက်အမဲ၊ ဓါတ်မီး, ဖန်ဆင်းခြင်းကဒ်၊ စောင်ပါးပါးလေးတစ်ထည်။

- ဟုတ်ပြီ အင်မတန်ကြီးမားလှပတဲ့ ကမ္ဘာကြီးကို ပထမနေ့မှာဘုရားသခင်ဘာဖန်ဆင်းသလဲ ကြည့်ရအောင်၊ ဘုရားသခင်ဟာ ဖန်ဆင်းရှင်ဖြစ်တယ်။ သူဖန်ဆင်းတဲ့ အရာတိုင်းဟာ အင်မတန်ကောင်းတယ်။ (စာရွက်အမဲကြီးကိုပြ)

ဘုရားသခင်ဟာ ကြီးမားပြီးနဲ့နူးညံ့တဲ့အသံနဲ့ အမှောင်ထဲကို ဘယ်လိုပြောလိုက်သလဲဆိုတော့ ' အလင်းဖြစ်စေ"
(ကမ္ဘာဦးကျမ်း ၁း၃) ဆိုပြီးပြောလိုက်တဲ့အခါ အင်မတန်အံ့သြဘွယ်မှာ လှပထွန်းတောက်တဲ့ အလင်း (ဓါတ်မီးအလင်းပြ)

- ဟာ စပြီး ပေါ်ထွက်လာတယ်။
- ကလေးများရဲ့မျက်လုံးကို မိတ်ပြီး - ညအချိန်၊ လက်ကိုဖွင့်ပြီး - နေ့အချိန်ဆိုပြီးလုပ်ခိုင်းပါ။
- သင့်အတွက်အလင်းကိုဘုရားဖန်ဆင်းတယ်။
- မိဘများကိုပါဝင်စေပါ။ God is good – He made the light. ကို အတူတကွဆိုပါ။ဘုရားကောင်းမြတ်တယ်- သူဟာအလင်းကိုဖန်ဆင်းပေးတယ်။

**တတိယပတ်- ဘုရားသခင်သည် မိုးကောင်းကင်ကိုဖန်ဆင်းတော်မူသည်**

Story bag- ရေဘူး၊ ရေမြုပ်(bubbles)ဆပ်ပြာဗူပေါင်း

- မနက်မိုးလင်းအိပ်ယာထတဲ့အခါ ပတ်ဝန်းကျင်တစ်ခုလုံးလင်းနေတာကိုကြိုက်လား? ဘုရားသခင်က ၂ရက်မြောက်တဲ့နေ့မှာ သင့်အတွက် တခုခုဖန်ဆင်းဘို့ရှိတယ်။
- ရေဗူးကိုလှုပ်ခါပြီး ကလေးတွေကို တလှည့်စီပေးကိုင်ခိုင်းပါ။
- ရေပေါ်မှာလှပတဲ့အလင်းရှိနေတဲ့ကြောင်းပြောပြပါ။
- ကျမ်းစာကိုဖွင့်ပြီး ကမ္ဘာဦးကျမ်း ၁း၆ မှာ ဘုရားသခင်ဟာ တန်ခိုကြီးတယ်၊ ဘုရားသခင်ကရေအလယ်၌ မိုးမျက်နှာကြက်ဖြစ်စေ၊ ရေနှင့်ရေချင်းခြားနားစေလို့ပြောလိုက်တယ်။
- ရေတချို့ကတော့ မိုးမျက်နှာကြက် အပေါ်မှာရှိပြီး တချို့ကတော့ မိုးမျက်နှာကြက်အောက်မှာရှိစေပြီး၂ ပိုင်းပိုင်းခြားစေတယ်။
- မိုးမျက်နှာကြက်ကို ကောင်းကင်လို့ ခေါ်မှည့်လိုက်တယ်။ ( ကမ္ဘာဦးကျမ်း ၁း၈)
- ကောင်းကင်မှာမိုးတိမ်တွေရှိတာကိုမြင်ဘူးလား၊ သဘောကြလား။
- အားလုံးတတူတကွ- God is good. He made the sky. ဘုရားကကောင်းကင်မြတ်တယ်၊ သူဟာမိုးမျက်နှာကြက်ကိုဖန်ဆင်းတယ်။

**စတုတ္တပတ်- ဘုရားသခင်သည် ခြောက်သွေ့သောကုန်းမြေကိုဖန်ဆင်းသည်**

Story bag- ကျောက်ခဲ၊ မြေကြီးတချို့ထည့်ထားတဲ့အိတ်၊ ခွက်တစ်ခွက်

- ဘုရားသခင်ဟာ တို့အတွက်နောက်ထပ်ပိုပြီး ဖန်ဆင်းပေးတယ်။
- ဘုရားသခင်ဟာ ရေတွေနဲ့ဘဲပြည့်နေတဲ့ကမ္ဘာကိုတခုခုလုပ်ဘို့ အကြံအစည်ရှိတယ်။
- ရေတချို့ကိုခွက်ထဲလောင်းချပြပါ။ ခွက်ထဲရေပြည့်တဲ့အခါကလေးတွေကိုမြေကြီးနဲ့ကျောက်ခဲလေးတွေကိုရေခွက်ထဲထည့်ခိုင်း ပါ။ (ကမ္ဘာ ၁း၉ )ကိုဖွင့်ပြီးဘုရားသခင်က ကုန်းပေါ်စေဟုအမိန့်တော်ရှိသည်ဟုဖတ်ပါ
- အဲဒီလိုလုပ်ခြင်းဖြင့် ရေနဲ့ပြည့်ဝနေတဲ့ ကမ္ဘာကြီးကိုလုပ်ဘို့ဘုရားသခင် အစီအစဉ်ရှိတာကိုသူတို့သိနိုင်မယ်။

- ❖ ရေတွေအများကြီးရှိတဲ့ ပင်လယ်ကိုရောက်ဘူးလား၊ ရေတံခွန်တွေ၊နောက်ပြီး ကြီးမားတဲ့တောင်တွေ တွေ့ဘူးလား။
- ❖ ခြောက်သွေ့တဲ့ မြေကြီးနဲ့ရေအများကြီး ရှိတဲ့နေရာ ပင်လယ်အကြောင်းပြောပြပါ။ (ကမ္ဘာ ၁း၁၀)
- ❖ ခြောက်သွေ့နေတဲ့မြေကြီးကို ကုန်းလို့ခေါ် ပြီးရေအများကြီးရှိတဲ့နေရာကို ပင်လယ်လို့ခေါ်တယ်။
- ❖ အတူတကွရွက်ဆိုပါ၊ God is good. He made the dry land. ဘုရားသခင်ဟာကောင်းမြတ်တယ်- သူဟာခြောက်သွေ့တဲ့မြေကြီးကိုဖန်ဆင်းတယ်။

**ပဥ္စမပတ်- ဘုရားသခင်သည် သစ်ပင် ပန်းပင်များကိုဖန်ဆင်းသည်။**

Story bag (လှပပြီးမွှေးတဲ့ပန်း၊သစ်သီး၊ ဟင်းသီးဟင်းရွက် ၊လင်ဗန်း)

- ❖ ဘုရားသခင်ဖန်ဆင်းတဲ့အရာတိုင်းဟာအင်မတန်ကောင်းတယ်။ကုန်းမြေကြီးဘဲရှိတာကနေစတင်ပြီးလှပတဲ့နေ့ဖြစ်လာတယ်၊ ၃ ရက် မြောက်တဲ့နေ့မှာ ကမ္ဘာကြီးပိုပြီးလှပဖို့ဘာတွေလုပ်ခဲ့သလဲ။
- ❖ လှတဲ့ပန်းလေးတွေကိုကြိုက်လား? (ပန်းကိုကိုင်ခိုင်း၊ မွှေးခိုင်း)ပါ။
- ❖ ဘုရားသခင်ဟာပန်းတွေကို၊သစ်ပင်တွေကိုဖန်ဆင်းရတာကိုသူကြိုက်တယ်။
- ❖ ဆက်ပြီးသူဟာခိုင်မာပြီးနူးညံ့တဲ့အသံနဲ့ ( ကျမ်းစာဖွင့်ပါ ကမ္ဘာ ၁း၁၀) မှာ ဘုရားသခင်ဟာ မြက်ပင်၊ စပါးပင်၊ မြေပေါ်မှာ သီးတဲ့ သစ်သီးမျိုးစုံသစ်ပင်တွေကို ကုန်းပေါ်မှာ ပေါက်စေတယ်။
- ❖ Story bag ထဲမှာပန်းတွေ၊ အသီးတွေ၊ ဟင်းသီးဟင်းရွက် (အတု/အစစ်) တွေကို ပြပြီးပြောပြပါ။
- ❖ ခါးကိုကုန်းပြီးဆွဲဆန့်ကာ သစ်ပင်ကြီးလာပုံကိုလည်း ပုံဖော်လုပ်ပြပါ။
- ❖ လင်ဗန်းထဲမှာ သစ်သီးတချို့ အရွက်တချို့ကိုထည့်ပြီး ကလေးများကိုပြပါ။ အခြားအသီး၊ အရွက်တွေရှိသေးလဲ သူတို့ကို မေးပြီး သူတို့ကိုအားပေးချီးမွမ်းပါ။
- ❖ ကမ္ဘာဦးကျမ်း ၁း၁၀မှာ ဘုရားသခင်ဟာ သူဖန်ဆင်းထားတာတွေကိုကောင်းတယ်လို့ပြောတယ်။ သင်နဲ့ကျွန်ုပ်တို့ သူအဲဒီအရာတွေဖန်ဆင်းထားတာဖြစ်တယ်။

**အတူတကွရွက်ပါ-** God is good. He made the plants- ဘုရားသခင်က ကောင်းမြတ်တယ်။ သစ်သီး၊ ဟင်းသီးဟင်းရွက်တွေ သစ်ပင်တွေကို ဖန်ဆင်းခဲ့တယ်။

**ဆဋ္ဌမပတ်- ဘုရားသခင်သည် နေ၊ လ၊ ကြယ်များကို ဖန်ဆင်းတော်မူသည်။**

Story bag- ကစားလုပ်ရတဲ့ ဂျုံဖြူ လုပ်သောအရာ။ နေကာမျက်မှန်၊ ဦးထုတ်၊ ရေဗူး၊ ဓါတ်မီး....

- ဘုရားသခင်သည် အံသြဘွယ်ရာတွေကို ဖန်ဆင်းတယ်၊ လေးရက်မြောက်တဲ့နေ့မှာ ဘာဖန်ဆင်းလဲ ကြည့်ရအောင်။
- ကျမ်းစာအုပ်ကို ဖွင့်ပြီး ကမ္ဘာဦးကျမ်း ၁း၁၄မှာ ဘုရားသခင်ဟာ ခိုင်မာတဲ့အသံနဲ့ နေ့နဲ့ညပိုင်းခြားစေခြင်းငှါ မိုးမျက်နှာကြက်၌ အလင်းအိမ်ကိုတည်စေပြီး နေ့နဲ့ညပိုင်းခြားလိုက်တယ်။
- နေ့အချိန်မှာ အလင်းက ဘာပေးသလဲ (နေကာမျက်မှန်၊ ဦးထုပ်ကိုပြပါ။
- နေသည် ကျွန်ုတော်တို့ကို ပူနွေးစေတယ်၊ ဂျုံဖြင့် ပြုလုပ်ထားသော အဝါရောက်ကစားစရာအတုံးကို နေပုံစံပြုလုပ်စေပါ။
- ညအချိန်မှာကော (အမှောင်ထဲတွင်ရေဗူးကို တလှည့်စီပေးကိုင်ပြီး ရေဗူးပေါက်လေးမှ ရေညစ်လိုက်သောအခါ ရေမှုန်လေးပန်းထွက်လာသည်ကို ဓါတ်မီးနှင့်ထိုးပါ၊ မှိတ်တုတ်မှိတ်တုတ်ကြယ်ကလေးများ ပုံစံထွက်လာသည်ကိုတွေ့ရမည်။
- ကျမ်းစာကိုဖွင့်ပြီး ကမ္ဘာ ၁း၁၆မှာ ထိုသို့ဘုရားသခင်သည် အလင်းအိမ် ၂လုံးတည်းဟူသော နေ့ကိုအုပ်စိုးရသော အကြီးတစ်လုံး၊ ညကိုအုပ်စိုးရသော အငယ်တစ်လုံးနှင့် ကြယ်များကိုဖန်ဆင်းတော်မူသည်။

- ဘုရားသခင် ငါတို့ကို ဘယ်လောက်ချစ်သလဲ နေ့အချိန်မှာ အလင်းရောင်နဲ့ အနွေးဓါတ်ရဘို့ နေ ကို နေ့အချိန်မှာ ပြုလုပ်ပြီး ညအချိန်မှာ တောက်ပတဲ့ကြယ်နဲ့လင်းနေတဲ့ လ ကို ဖတ်ဆင်းပေးခဲ့သည်။

အတူတကွရွက်စေပါ- God id great He made the sun, moon and stars. ဘုရားသခင်သည်ဖြစ်တယ်။ နေ၊ လ ကြယ်များကို သူဖန်ဆင်းပေးခဲ့တယ်။

**သတ္တမပတ်- ဘုရားသခင်သည် ကမ္ဘာမြေကြီးကိုဖန်ဆင်းတော်မူသည်။**

Story bag- ဘောလုံးကြီးတလုံး AIJ, ဖန်ဆင်းခြင်းကဒ် ရေ၊ ရေခွက်-- ရေမှုန်တွေ့ဘို့ ဓါတ်မီး။

- ဘုရားသခင်ဟာသင်နဲ့ ကျွန်ုပ်တို့အတွက် ထူးခြားတဲ့လှပတဲ့ ကမ္ဘာကြီးကို ဖန်ဆင်းပေးခဲ့တယ်။ အင်မတန်မှကောင်းတဲ့ အရာတွေကို ဒို့ကိုချစ်လို့ ဖန်ဆင်းပေးခဲ့ပါတယ်.
- ဘုရားသခင်ဖန်ဆင်းပေးခဲ့တဲ့အရာတွေကို သတိရသေးလား။
- ဝက်ဆိုဒ်မှ www.aliveinjesus.infor မှ download ယူထားသော ဖန်ဆင်းခြင်းကဒ်ကိုပြပြီး ၁ရက် ၂၊၃၊ ၄၊ ရည်တွက်ပါ။
- ကလေးတစ်ယောက်ကို ဘောလုံးပေးလိုက်ပါ။ ဘောလုံးကိုင်ထားတဲ့ကလေးသည် ၄ရက်အတွင်း ဘုရားဖန်ဆင်းခဲ့တဲ့ အရာတခုကိုပြောပြပြီး ဘောလုံးကိုနောက်တစ်ယောက်ကိုပေးပါ။ ထိုတစ်ယောက်လဲ ၄ရက်အတွင်း ဘုရားဖန်ဆင်းခဲ့တဲ့အရာပြောပြခိုင်းပါ။ ထိုသို့အတန်းထဲမှာရှိတဲ့ ကလေးအားလုံးပါဝင်ခိုင်းပါ။ ကလေးမတတ်လျှင် မိဘကို ပြောခိုင်းပါ။
- ကလေးများကိုငြိမ်ငြိမ်လေးရှိစေပြီးဘုရားသခင်ဖန်ဆင်းတဲ့အရာတွေရဲ့အသံကို နားထောင်ခိုင်းပါ။
- ခွက်ထဲကိုရေးလောင်းလိုက်တဲ့အသံ
- ဆပ်ပြာအမြုပ်လေးကိုကလေးတွေရှေ့မှာမှုတ်ပြပါ
- ဓါတ်မီးကိုအခန်းရဲ့ခေါင်မိုးကိုထိုးပြပါ။
- ဘုရားသခင်ဟာထပ်ပြီးအခြားသောအရာတွေကိုပြုလုပ်တော့မှာကြောင့် ကမ္ဘာကြီးဟာပိုပြီးအသက်ဝင်ပါတော့မယ်။
- အတူတကွရွက်ဆိုပါ-ဘုရင်းသခင်ဟာကောင်းမြတ်တယ်။သင့်အတွက်ကမ္ဘာကြီးကိုဖန်ဆင်းတယ်။

**အဋ္ဌမအပတ်- ဘုရားသခင်သည် ပင်လယ်သတ္တဝါများကို ဖန်ဆင်းသည်။**

Story bag- အပြာရောင်အထည်၊ ကြိုးဝိုင်း

  - သင့်ရဲ့ကျမ်းစာအုပ်ကိုဖွင့်ပြီး ၅ရက်နေ့မှာ ဘုရားသခင်က ဘာဖန်ဆင်းခဲ့သလဲမေးပါ၊ ကမ္ဘာဦးကျမ်း ၁း၂၀မှာ တဖန် ဘုရားသခင်သည် ရေ၌ လှုပ်ရှားတတ်သော တိရစ္ဆာန်များပြားစွာမွေးဖွားစေဟုဖတ်ပါ။
  - ပင်လယ်ထဲရှိ သတ္တဝါမျိုးစုံနှင့် အတူရေသည် ရုတ်တရက်လှုပ်ရှားလာပါတယ်။ (တချို့နံမည်ကိုဖေါ်ပြပါ) ဘုရားသခင်ဖန်ဆင်းထားတဲ့ Blobby Jellyfish...(ရေဘဝဲ) ကိုပြပါ။

  မေးပါ- ရေထဲကသတ္တဝါတွေထဲက ဘယ်သတ္တဝါကို အကြိုက်ဆုံးလဲ ဘုရားသခင်ဟာ သင့်ကိုချစ်တဲ့အတွက် သင့်အတွက်အရာအားလုံးကို ဖန်ဆင့်ခဲ့တယ်။

- ငါးကလေးလိုလူ့လွန်တတ်လား၊လပိုင်ငါးတွေလိုရေပေါ်ကိုခုန်ပျံတတ်သလား၊ကြယ်ငါးတွေလိုကော(လက်မောင်းနဲ့ ခြေထောက်များထုတ်ပြပါ) သင့်ရဲ့လက်မောင်းကို ရေဘဝဲလို လှုပ်ပြပါ။ကလေးမိဘ/ကလေးထိန်းတွေကိုလည်း လုပ်ပါစေပါ)
- အံ့သြဘွယ်ရာ ပင်လယ်သတ္တဝါများကို ဖန်ဆင်းတဲ့ ဘုရားရှင်ကို ကျေးဇူးတင်ကြရအောင်
- အပြာရောင် ပိတ်စတို့ကို ကိုင်ပြီး သမုဒ္ဒရာလှိုင်းလုံးကြီးကဲ့သို့ ဝှေ့ရမ်းပြပါ။

အတူတကွရွတ်ဆိုပါ- ဘုရားသခင်သည် အလွန်ကောင်းမြတ်ပါတယ်။ ပင်လယ်ထဲမှာရှိတဲ့သတ္တဝါတွေကို သူဖန်ဆင်းတယ်။

**နဝမပတ်- ဘုရားသခင်သည် မိုးကောင်းကင်တွင် ငှက်များကို ဖန်ဆင်းတော်မူသည်**

Story bag- စက္ကူမှုန်ပြောင်း၊ ငှက်မွှေး၊ အထည်

- ဘုရားသခင်ဟာ ၅ရက်မြောက်တဲ့နေ့မှာ အင်မတန်လှပတဲ့ငါးတွေကို ဖန်ဆင်းခဲ့တယ်။ သို့သော် သူက သတ္တဝါတွေကို ထပ်ပြီးပြုလုပ်အုံးမယ်။ (ငှက်သိုက်လုပ်ပြပါ)
- ကျမ်းစာကိုဖွင့်ပြီး- ညွှန်ပြပြီးပြောပါ၊ ဘုရားသခင်ဟာ တည်ငြိမ်ပြီးခိုင်မာတဲ့အသံနဲ့ မြေကြီးပေါ်ကလေထဲမှာ ငှက်တွေပျံစေလို့ပြောလိုက်တယ်။
- ငှက်ကလေးကို မင်းရဲ့တောင်ပံတွေလိုအတူခတ်နိုင်မလား။
- သင့်ရဲ့လက်ချောင်းလေးများပျံသန်းပုံကို ကလေးတွေကိုလဲ လုပ်ခိုင်းပါ။
- ငှက်သိုက် တခုကိုကြိုလုပ်ထားပါ။ ဘုရားသခင်သည် ငှက်ကလေး တစ်ကောင်ကို ဘယ်လို ဖန်ဆင်းသလဲဆိုတာ သိဘို့ ငှက်သိုက်ကိုရှာဘို့ စက္ကူမှုန်ပြောင်းကိုအသုံးပြုပါ။
- ငှက်ရဲ့အသံများကို တခုစီလုပ်ပြ (ဖွင့်ပြ) ပြီးကလေးများကို နားထောင်စေပြီး ငှက်များရဲ့ သာယာတဲ့သီချင်းဆိုသံကို ပြောပြပါ။
- ကမ္ဘာဦးကျမ်း ၁း၂၁ မှာ - ဘုရားသခင်သည် ပျံသန်းသောငှက် အပေါင်းကို ဖန်ဆင်းပြီးတဲ့နောက်- အရမ်းကောင်းတယ်လို့ ဘုရားသခင်ကပြောတယ်။
- ငှက်မွှေးတွေကို ကိုင်ပြီး ပွတ်သပ်ဘို့ ကလေးတွေကိုပေးပါ။

အတူတကွရွတ်ဆိုရန်- **God is Good**. ဘုရားသခင်သည် ကောင်းမြတ်တယ်။ မိုးကောင်းကင်မှာ ပျံသန်းတဲ့ ငှက်ကလေးတွေကို သူဖန်ဆင်းခဲ့သည်။

**ဒသမပတ်- ဘုရားသခင်သည် ကြီးတဲ့ တရိစ္ဆာန်ငယ်တဲ့ တိရစ္ဆာန်တွေကို ဖန်ဆင်းသည်။**

Story bag- တိရစ္ဆာန် အရုပ်လေးများ

- ဘုရားသခင်ဟာ သင်နဲ့ ကျွန်ုပ်တို့အတွက်အများကြီး ဖန်ဆင်းပေးခဲ့တယ်။ ဘာကြောင့်လဲဆိုတော့ ဒို့တွေကို သူချစ်လို့ဖြစ်တယ်။ ၆ရက်မြောက်တဲ့နေ့မှာ သူဟာ ဘာဖန်ဆင်းလဲ၊သိလား။
- ကျမ်းစာဖွင့်ပြီး ကမ္ဘာဦးကျမ်း ၁း၂၄- ဘုရားသခင်ဟာတည်ငြိမ်ပြီးသနားကြင်နာတဲ့အသံနဲ့ကမ္ဘာ ကြီးမှာ တိရစ္ဆာန်တွေနဲ့ပြည့် စေလို့ပြောလိုက်တယ်။
- ကလေးများကို Story bag ထဲက တိရစ္ဆာန်ရုပ်လေးတွေ ဝေငှလိုက်ပါ။ သူတို့ မှာ ရှိတဲ့ စိတ်ဝင်စားစရာ အရုပ်ကိုပြောပြပါ။ တိရစ္ဆာန်တွေရဲ့အသံကို လုပ်ပြပါ။ သူတို့ကိုင်ထားတဲ့ တိရစ္ဆာန်ရဲ့အော်သံဆိုရင် အဲဒီအရုပ်ကို ဆရာဆီကိုပြန်လာပေးခိုင်းပါ။
- နောက်တခေါက် အဲဒီလိုဘဲထပ်လုပ်ပါ၊ ကလေးတွေအားလုံးပါဝင်စေပါ။
- ပြီးတဲ့နောက် ကလေးတွေကိုမေးပါ။ မိချောင်းကြီးလို အမြီးရိုက်နိုင်လာ။ဆင်ကြီးရဲ့နှမောင်းလိုမြှောက်နိုင်သလား။
- ပိုးကောင်လေးလိုတွန့်လိမ်နိုင်လား။
- အတူတွက်ရွတ်ပါ- ဘုရားသခင်ဟာ ကောင်းမြတ်တယ် တိရစ္ဆာန်တွေကို သူဖန်ဆင်းတယ်။ God is so good He made the animals.

**ဧကဒသမပတ်- ဘုရားသခင်သည် အာဒံနှင့်ဧဝကိုဖန်ဆင်းသည်။**

Story bag- Playdough - ရုပ်ပုံသွန်းလုပ်နိုင်သော ကလေးကစားစရာရွှံ့ ( သို့ ) ဂျုံ တုံး (ဆော့ကစားဘို့ရန်)

- ဘုရားသခင်ဟာ ဖန်ဆင်းခြင်းမပြီးသေးဘူး သူဟာအထူး special ပြုလုပ်ဘို့ ဖန်ဆင်းဘို့ အဆင်သင့်ဖြစ်နေပြီ။
- ကျမ်းစာကိုဖွင့်ပြီး ကမ္ဘာဦးကျမ်း ၁း၂၆ ကိုဖတ်ပါ။ ဘုရားသခင်ဟာ တည်ငြိမ်ပြီး သနားကြင်နာတဲ့ အသံနဲ့ထပ်ပြီး ပြောလိုက်တယ်။ ငါတို့ပုံသဏ္ဌာန်နဲ့အညီတသဏ္ဌာန်တည်း လူကိုဖန်ဆင်းကြစို့လို့ ပြောလိုက်တယ်။
- Playdough ကို အသုံးပြုပြီး ကိုင်ကာ ဘုရားသခင်ဘာထပ်လုပ်မလဲဆိုတာကြည့်ကြစို့
- လူပုံသဏ္ဌာန်ကိုလုပ်ပြီး ကလေးများကိုမေးပါ။ သင်ဘာပုံလုပ်နေလဲ ၊လူပုံ ၊အဲဒီလူပုံမှာဘာ လိုအပ်သေးလဲ။
- ဘုရားသခင်ဟာ အဲဒီလူပထဲကို ဇီဝအသက် မှုတ်သွင်းလိုက်ပြီး အာဒံလို့ အမည်ပေးလိုက်တယ်လို့ ကမ္ဘာဦးကျမ်း ၂း၇ မှာဖေါ်ပြထားတယ်။
- လူအာဒံဟာမျက်စိဖွင့်လာပြီးဘုရားသခင်ကိုပြုံးပြလိုက်တယ်။နောက်လူပုံစံ(ဧဝပုံ)ကိုလုပ်ပါ။ ပြီးတော့ကလေးများကိုပြပါ၊ဘုရားသခင်ကအာဒံကိုတွေ့တဲ့အခါသူ့ကိုကူဘို့အတွက်သူ့အဖေါ်လိုတာကိုသိတယ်။ဒါကြောင့်လူမိန်းမဧဝကိုဖန်ဆင်းလိုက်တယ်
- အဲဒီအချိန်ကစပြီးဘုရားသခင်ဟာ ပထမဦးဆုံး မိသားစုကို တည်ထောင်လိုက်တယ်။ ဒီလူသား ၂ဦးဟာ ဘုရားသခင်ရဲ့ သူငယ်ချင်းတွေ ဖြစ်တယ်။ ဘုရားသခင်က သူတို့ ၂ဦးနဲ့အတူအချိန်ယူပြီး အတူနေတာစကားပြောရတာကို သဘောကြတယ်၊နှစ်သက်တယ်။သင်နဲ့အတူနေဘို့လည်းသူသဘောကြတယ်။
- အတူတကွရွက်ပါ- God is good -ဘုရားသခင်ဟာ ကောင်းမြတ်တယ်။ သူဟာမိသားစုကို ဖန်ဆင်းခဲ့တယ်။ He made Family.

## တေရဒသမပတ်- ဘုရားသခင်သည်သင့်ကိုဖန်ဆင်းတော်မူ၏

Story bag- ကြည့်မှန်၊ စာရွက်၊ soft pen ၊ အိမ်ဆောင်ကဒ် ပစ္စည်း

- သင်မှန်ကိုကြည့်ရင်ဘယ်လိုမြင်ရသလဲ။
- မှန်တချပ်ကို ကလေးတွေကိုင်ခိုင်း- ကြည့်ခိုင်းပြီးပြုံးခိုင်းပါ။
- ကလေးတယောက်စီရဲ့နံမည်ကိုခေါ် ပြီး ဘုရားသခင်ဟာ သင့်ကို ဖန်ဆင်းတယ်။ ဘယ်လောက်ချစ်သလဲပြောပြပါ။ သူတို့ရဲ့နှာခေါင်း၊ ဆံပင်၊ ပါး ၊နားတို့ကိုပြပြီးဘုရားသခင်ဖန်ဆင်းတာကိုပြောပြပါ။
- Soft pen ကို မိဘတွေကိုပေးပြီး စာရွက်ပေါ်မှာကလေးတွေရဲ့ လက်ဝါးအတိုင်းကို Soft pen နဲ့ ဆွဲပါ။ (လက်ဝါးပုံပေါ်အောင်)
- အိမ်ဆောက်ကဒ်- (သို့) တခုခုတည်ဆောက်လို့ရသောအရာကို မိဘ- အုပ်ထိန်းသူများနှင့် အတူတည်ဆောက်ပါ။ တည်ဆောက်ပြီးတဲ့အခါချီးမွမ်းပါ။
- ကျွန်ုပ်တို့ရဲ့အံ့သြဘွယ်ကောင်းတဲ့ဘုရားသခင်ကလည်းသင့်ကိုဒီလိုဘဲပြုလုပ်ခဲ့တယ်။တို့တတွေရောင်စုံခြယ်နိုင်တယ် ပုံဆွဲနိုင်တယ်၊ တည်ဆောက်နိုင်တယ်၊ သီချင်းဆိုနိုင်တယ်၊ စကားပြောနိုင်တယ်၊ ခုန်နိုင်တယ်ပြေးနိုင်တယ်။
- ဘုရားသခင်ဟာပြုံးတာလည်းပြုလုပ်နိုင်တယ်။ ဘာကြောင့်လဲဆိုတော့တို့ကိုသူချစ်လို့ဖန်ဆင်းတာဖြစ်တယ်။
- မိဘအုပ်ထိန်းသူများမိမိကလေးကို တစ်ဦးနဲ့တစ်ဦးဖက်ခိုင်းပါ။

အတူတကွရွက်ဆိုပါ- God is good He made you. ဘုရားသခင်ဟာကောင်းမြတ်တယ်။ သင့်ကိုသူဖန်ဆင်းခဲ့တယ်။

## ၁၃ ပတ်- ဘုရားသခင်သည် ဥပုသ်နေ့ကိုဖန်ဆင်းခဲ့တယ်။

Story bag- ဖယောင်းတိုင်၊ ပန်းအိုး၊ ပန်း၊ Nature box (ဖရက်အတွင်း ဖန်ဆင်းထားတဲ့ အရာတွေကိုထည့်ထားတဲ့ဗူး) အစစ်၊ အတု ဖြစ်ဖြစ်ရသည်။ ဗူးကိုဖဲပြားနှင့် လက်ဆောင်ဗူးလိုချည်ထားပါ၊ ဖန်ဆင်းခြင်းရုပ်ပုံကဒ်များ။

- ဘုရားသခင်ဟာလှပတဲ့ ကမ္ဘာကြီးဖန်ဆင်းခဲ့တယ်။ အရာအားလုံးပြည့်စုံတယ်၊ ကြည့်ရအောင် (ကြမ်းပြင်၊ စားပွဲတွင်-ဖန်ဆင်းခြင်းကဒ်များကိုကြည့်ပြီး၊ပထမနေ့၊ဒုတိယနေ့၊တတိယနေ့ စသည်ဖြင့် ဖန်ဆင်းခဲ့တာကိုအတူအကွပြန်ရွက်ပါ။
- ၇ရက်မြောက်တဲ့နေ့ ကတော့ ထူးခြားတယ်၊ ဘုရားသခင်ဟာ ဥပုသ်နေ့ကို ဖန်ဆင်းခဲ့တယ်။ (ပန်းအိုးထဲကိုရေပြည့် ကလေးများပန်းတွေကို ပန်းအိုးထဲလာထည့်ခိုင်းပါ။ ဖယောင်းတိုင်မီးများကိုလည်း ထွန်းပြီး ကလေးများကို
- သင့်ရဲ့ကျမ်းစာကို ဖွင့်ပြီး ကမ္ဘာဦးကျမ်း ၂ ခုမှာ အင်မတန်မှလှပပြီးပြည့်စုံတဲ့- ကမ္ဘာကြီးကို ဖန်ဆင်းပြီးတဲ့နောက် ဘုရားသခင်ဟာ ထိုနေ့ရက်၌ ငြိမ်ဝပ်စွာနေတော်မူ၏လို့ ဖေါ်ပြထားတယ်။
- ကလေးတို့ရေ-လက်ဆောင်ရတဲ့အခါပျော်ကြသလားသဘောကြလား-

  ဥပုသ်နေ့ဟာဘုရားသခင်ဆီကရတဲ့လက်ဆောင်ဖြစ်တယ်။ဘုရားသခင်ဟာကလေးတို့နဲ့အတူအဲဒီနေ့မှာအတူနေတယ် ဥပုသ်နေ့မှာဥပုသ်စာဖြေကျောင်းတက်လို့ရတယ်၊ဘုရားကျောင်းတက်ရတယ်၊ဘုရားသခင်ကိုကျေးဇူးတင်တယ်လို့လည်းပြောလို့ရတယ်။

  (Nature box ကိုယူလာပါ။ လက်ဆောင်ဗူး ကဲ့သို့ ပြင်ဆင်ထားတဲ့ ဗူးကို ပြပါ။ ကလေးတွေ အားလုံးဗူးထဲက ပစ္စည်း (ဖန်ဆင်းထားတဲ့အရာ) တွေကို တခုစီထုတ်ယူစေပြီး ဘုရားသခင်ကို အဲဒီအရာအတွက်ကျေးဇူးတင်တယ်လို့ ပြောခိုင်းပါ။

  **အတူတကွရွက်ဆိုပါ**- God is good. He made the Sabbath. ဘုရားသခင်သည် ကောင်းမြတ်တယ်။ သူဟာ ဥပုသ်နေ့ကို ဖန်ဆင်းပေးခဲ့တယ်

**Week 1: In the Beginning**

အဖြူစာရွက်အရာပေးထားသည့်အတိုင်း ခေါက်ထားပါ။ ပြီးရင်အောက်ကပုံပေါ်တွင်ကပ်ပြီးပြတင်းပေါက် ပုံစံ ဖြစ်သွားမယ်။ ပြီးရင်ကလေးတွေကိုဖွင့်ကြည့်ခိုင်းပါ သဘာဝအလှကိုမြင်တွေ့ဖို့ဖြစ်ပါသည်။


God is GOOD!

***"In the beginning God created the heavens and the earth"* (Genesis 1:1).**



### Week 2:  God Made the Light

စာရွက်အကွက်တွေပေးထားသည့်အတိုင်း အဲ့ဒီနေရာတွေကိုဖြတ်ထုတ်ပြီး အဝါရောင် tissue Paper ဘဲ ဖြစ် ဖြစ် (သို့) cellophane ကို စောနကဖြတ်ထားသော အကွက်ပေါ် ကော်နဲ့ပြန်ကပ်ပေးပါ။ ပြီးရင်ဘေး ပတ်လည်ကို အနက်ရောင်ချယ်ထားပေးပါ။ ပြတင်းပေါက်ပုံစံဖြစ်ပြီးအလင်းရောင်ဖြစ်သွားပါမယ်။




### Week-3 God Made the Sky

ရေဗူးအလွတ်ကိုရေအပြည့်ထည့်ပြီးထားပြီး ရောင်ဆိုးဆေးအပြာကိုရေဗူးထဲတွင် ထည့်ထားပါ မိုးစက်ကလေးလိုတွေ့ရမှာဖြစ်ပါတယ်။။ ဟင်းရွက်ဆီ နည်းနည်းထပ်ထည့်ပေးပါ။ စူပါကော်နဲ့ ထိပ်ကို ကပ် ထားပါ။



## Week 4: God made the Dry Land

A4 Paperကိုအသုံးပြုပြီးနောက်ခံအတွက်ပြုလုပ်မှာဖြစ်ပြီး၊ ပုံစံမျိုးစုံလုပ်ပြီး တောင်အတွက် အစိမ်းရောင်စာရွက်ကို အရှည် လိုက်လုပ်ပြီး ကလေးတွေကိုကော်နဲ့ကပ်ကိုင်းပါ။ မြက်ပင်လေးတွေလုပ်ဖို့ လှိုင်းတွန့် စက္ကူပါးလေးကိုအသုံးပြုပေးပါ။ အားလုံးပြီးသွားရင် **God is good He made dry lands** ရေးပေးပါ။




**Week 5: God Made the Plant**

**ကတ္တူစာရွက်ကိုအသုံးပြုပြီးစက်ဝိုင်းနှစ်ခုညှပ်လိုက်ပါ၊ ပြီးတော့ စက်ဝိုင်းတစ်ခုအရွက်နဲ့ပန်းခြောက်များကိုကပ်ပြီး လွတ်နေသောစက်ဝိုင်းကို ကျောချင်းကော်နဲ့ကပ်ပြီး ပြတင်းပေါက်မှာချိတ်ထားပေးပါ။**

**Week 6: God Made the Sun, Moon, and Stars**

ကြယ်၊ လ၊ နှင့် နေ ပုံများကို ညှပ်ထုတ်ပြီး အပေါ်မှာအလူမီနီယံကိုကော်နဲ့ကပ်ထားပေးပါ။ ကြိုးလေးနဲ့ ကပ်ပေးပါ ချိတ် ထားဖို့ရန်အတွက်



**Week 7: Good Made the Earth for You**

ကလေးတွေအတွက် ပေးထားသောပုံကို Print ထားပြီးပလာစတစ်လောင်းထားပါ။ ဖျာပေါ်မှာတာတွေကိုထားပြီးကလေးတွေအတွက် ဖန်ဆင်းထား သော သစ်ပင်၊ မြက်ပင်၊ နေ၊ တောင်၊ တိမ်....။ အဲလိုပလားစတစ်လောင်းထားခြင်းအားဖြင့် ပတ်တိုင်းပြန်လည်ပြီးတော့အသုံးပြုနိုင်ပါတယ်။



**Week 8: God made the Animals of the Sea**

**ငါးကလေးပုံကို Print out ပြီး ပုံပြီးရောင်တောက်ပအောင်ရောင်ခြယ်ခိုင်းပါ။**



**Week 8: God Made the Birds of the Sky**

ရှေ့ဥဒေါင်းပုံကို Print out ပြီးအရောင်ခြယ်ပြီး သူ့ရဲ့အတောင်ထိပ်တွေမှာ အပြာရောင်လေးနဲ့ကပ်ထားပေးပါ။



**Week 11: God Made the Animals, Big and Small**

ပြထားသောပုံများကိုညှပ်ထုတ်ပြီးမျက်လုံးရှိတဲ့နေရာတိုင်းကိုပေါက်ဖေါက်ပေးပါ။ရောင်ခြယ်ပြီးသောအခါကလေးတွေမျက်နှာဖုံးအတွက်အသုံးနိုင်ရန်ကြိုးကိုကော်နဲ့သေချာစွာကပ်ထားပေးပါ။










**Week 11: God Made Adam and Eve**

အာဒံနှင့်ဧဝပုံကိုညှပ်ထုတ်ပြီးသူတို့ရဲ့ဆံပင်အတွက်ချည်မျှင်လေးကိုအသုံးပြီးစတစ်ကာကိုမျက်လုံးအတွက်အသုံးပြုပါ။ ပြီးတော့မျက်နှာသွင်ပြင်ကိုဆက်ဆွဲပေးပါ ပြီးရင် ရေခဲချောင်း ဒုတ်ချောင်းကိုအနောက်မှာကော်နဲ့ကပ်ပေးပါ။





**Week 12: God Made You**

စက်ဝိုင်းနှစ်ခုကို ညှပ်ထုတ်ပြီး ကလေးတစ်ဦးချင်းစီ လက်ဖဝါးကိုရောင်ခြယ်ပြီး စက်ဝိုင်းရဲ့အလယ် တည့်တည့်မှာ ဖိကပ်ခိုင်းပါ။ ပြီးတော့ကြိုးနှင့်ဆက်ပြီးချိတ်ထားပေးပါ။



**Week 13: God Made the Sabbath**

အံ့ဘွယ်သောဥပုသ်နေ့မှာ ဘုရားသခင်နဲ့အတူတူ အချိန်သုံးခွင့်ရတာကို ကလေးတွေကိုပြောပြပေးပါ။ ကလေးများသည် ဥပုသ်နေ့မှာ ဖျာကိုအရောင်ခြယ်နိုင်ပြီး သောကြာညတွင် ထမင်းစားချိန်များတွင်အသုံးပြုနိုင်ပါသည်။

